ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ သောကြာနေ့၊ (4-2-2011) (၆၆၆၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါ ရာဂျာပက်ခ်စာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးသတိကြီးစွာဖြင့် တားဆီးကာကွယ်

မြန်မာနိုင်ငံကို အင်အားချည့်နဲ့သွားစေရန်အတွက် အဓိကလည်းကျ၊ တစ်ခုတည်းလည်းဖြစ်သော နည်းလမ်းမှာ ပြည်ထောင်စုပြိုကွဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးရေးပင်ဖြစ်ပေသည်။ ထိုအချက်ကို ဖော်ဆောင်ရန်အတွက် နိုင်ငံရေးသစ္စာ တရားနည်းပါးသူတို့ကို အသိမဲ့သော်လည်းကောင်း၊ သိပါလျက်သော်လည်းကောင်း စည်းရုံးသိမ်းသွင်း အသုံးချကာ တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်းကို ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာနိုင်ပေသည်။ ထို့ကြောင့် အမိနိုင်ငံတော်ကြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စိုးစဉ်းမျှပင် လွှမ်းမိုး ချုပ်ကိုင်မှု မခံရစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းက နိုင်ငံရေးသတိကြီးစွာဖြင့် တားဆီးကာကွယ်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပြန်လည်ကျင်းပ

နေပြည်တော်   ဖေဖော်ဝါရီ   ၃

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့သည့် သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယနေ့ အစည်း အဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ပြန်လည်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးအစီအစဉ်အရ ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နေရာယူပြီး ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ် ဆောင်ရွက်သည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယနေ့ အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးအား တညီတညွတ်တည်း ရွေးချယ်တင်မြှောက်

နေပြည်တော်   ဖေဖော်ဝါရီ   ၃

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အနေ ဖြင့် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ အစည်းအဝေး ကျင်းပပြီး ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက် ခဲ့ရာ ဒုတိယသမ္မတအဖြစ် သီဟသူရ ဦးတင်အောင်မြင့်ဦးအား ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

၄-၂-၂၀၁၁
(သောကြာနေ့)

ညီနောင်သွေးရင်း သားချင်းလက်တွဲ ခိုင်ခိုင်မြဲစေ

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည်။ သဘာဝ သယံဇာတများ အထူးကြွယ်ဝသည်။ တောတောင် သဘာဝအလှအပများ ရှုချင်ဖွယ်ရာ များပြားလှသည်။ သာယာလှပသည့် မြန်မာ့ရေမြေပေါ်တွင် ပန်းပေါင်းစုံတို့ ဖူးပွင့်ဝေစည်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နေရာတိုင်း၊ ဒေသတိုင်းတွင် တိုင်းရင်းသားတို့၏ အလှကိုယ်စီ တိုးပွားဖြစ်တည်လျက် ရှိနေသည်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားမျိုးနွယ်စုများသည် ရှေးပဝေသဏီကာလမှသည် ပျံ့နှံ့ရောနှောနေထိုင်ခဲ့ကြသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြရာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း အနှစ်သာရများ လွှမ်းခြုံဖြစ်တည်လျက်ရှိသည်။ သွေးရင်းသားချင်းများ၏ စိတ်သန္တာန်တွင် ပြည်ထောင်စုစိတ်ဓာတ်သည် ရှင်သန်နိုးကြားနေဆဲဖြစ်သည်။

အတိတ်သမိုင်းတွင် သာယာဝပြောငြိမ်းချမ်းသော အမိမြန်မာနိုင်ငံတော်ကို ကျူးကျော်လိုသူ နယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်နွှဲ၍ မတရားသိမ်းပိုက်ခဲ့ဖူးသည်။ နယ်ချဲ့နှင့် ဖက်ဆစ်တို့၏ ဖိနှိပ်ချုပ်နှိမ်ခြင်းခံခဲ့ရသော ဘဝအတွေ့အကြုံများကို ပြည်သူများ ခါးသီးစွာ ခံစားခဲ့ကြရသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာ တွန်းလှန်ခဲ့ကြသော တိုင်းရင်းသားတို့၏ အားမာန်ကြောင့် နယ်ချဲ့တို့ မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြရသည်။

ခေတ်စနစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော အစဉ်အလာ အတွေ့အကြုံများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှ အရေးကြီးပေသည်။ ထို့ကြောင့်ပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကြိုးပမ်းနိုင်မှုနှင့်အတူ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေအနေကောင်းများကို ဖော်ဆောင်ပေးခဲ့ပြီဖြစ်သည်။

မျက်မှောက်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံနှင့် ဆက်စပ်နေပေသည်။ အကျိုးရလဒ်အဖြစ် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံသည် ခေတ်သစ်စနစ်သစ်ဆီသို့ မျှော်ရည်ကူးပြောင်းနေပြီ။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ သွေးရင်းသားချင်းများ ခိုင်ခိုင်မြဲမြဲ လက်တွဲပေါင်းစည်း၍ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရမည့် အချိန်အခါသို့ ရောက်ရှိနေပေပြီ။ သို့မှသာ ပြည်ထောင်စုကြီး၏ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်မှုများ ထာဝရတည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းအတွင်းရှိ ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့် ဘိုးဘွားများ အသင်းဝင်အမည်စာရင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ဂုဏ်ထူးရ အသင်းဝင်သားသမီးများ စာရင်းကို အထောက်အထား အပြည့်အစုံနှင့် ဦးစောဝေ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဦးသိန်းဝင်း (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း)(ဒု-ဥက္ကဋ္ဌ)ဖုန်း-၀၁-၅၇၀၈၂၁၊ ဦးခင်မောင်တင့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉၅၀၇၉၂၀၈၊ ဦးဝင်းမြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆၊ ဦးမြင့်သောင်း (အတွင်းရေးမှူး) ဖုန်း-၀၁-၂၁၆၈၆၂၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈နှင့် အသင်းဓမ္မာရုံ ဖုန်း-၀၁-၄၀၁၀၁၄တို့သို့ ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက(၁)သာကေတ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အထက(၁)သာကေတတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အသက်(၆၀)ပြည့်၍ အငြိမ်းစားယူခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသည့် ဦးမောင်ဝင်း ဖုန်း-၃၇၁၉၇၄(ရုံး)၊ ၂၁၇၁၅၄(အိမ်)၊ ဦးမင်းဟန် ဖုန်း-၇၃၀၁၃၇၉၃၊ ဦးစိုးသိန်း ဖုန်း-၃၉၂၇၀၁၊ ၀၉-၅၁၀၈၃၈၅၊ ဒေါ်အေးသန်း(မီဒီ) ဖုန်း-၅၄၁၄၇၉၊၀၉-၅၁၂၂၇၈၁၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၇၄၀၉၊ ဦးကျော်ဇော ဖုန်း-၅၄၇၃၇၂၊ ၀၉-၅၀၈၆၃၉၄၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၀၉-၅၁၃၉၇၆၂၊ ဒေါ်စိန်စိန် ဖုန်း-၇၃၀၁၅၂၆၈၊ ဦးနီကိုလေး ဖုန်း-၅၅၇၂၉၉၊ ဒေါ်သိန်းသိန်းဌေး ဖုန်း-၀၉-၅၁၆၄၀၂၁၊ ဦးကျော်ရှင်း ဖုန်း-၅၄၁၇၅၇၊ ဒေါ်သန်းသန်း ဖုန်း-၅၄၁၃၇၃၊ ဒေါ်စန်းစန်း ဖုန်း-၅၅၆၅၇၅၊ ဒေါ်လှလှသန်း ဖုန်း-၇၂၂၄၃၃နှင့် ဒေါ်ဇင်ဇင် ဖုန်း-၀၉-၅၀၅၁၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်း စီမံကိန်းဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း စီမံကိန်းဦးဆောင်ကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ ဦးသုခက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် National Project Coordinator က ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးသုံးသပ်အကြံပြုကြကာ ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစည်းအဝေးကျင်းပ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း စီမံကိန်းဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ရေသန့်စက်များ လှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ် (၆၂) လမ်း၊ (၃၃) × (၃၄) လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုရေး အသင်းသို့ ရေသန့်စက်များလှူဒါန်းပွဲကို ယင်းအသင်းခန်းမ၌ ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပသည်။

အလှူရှင် မန္တလေးမြို့ ရတနာပုံ အသင်းခေါင်းဆောင် ခင်မောင်ထွန်းက ဗြဟ္မစိုရ် လူမှုရေးအသင်း ဆေးခန်းကြီး (အသစ်)အတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ရေသန့်စက်လေးလုံးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးမြအောင်၊ ချယ်ရီဦးခင်မောင်သန်းနှင့် တွဲဖက်အတွင်းရေးမှူး ဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုလေးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ ဆက်လက်၍ မန္တလေးမြို့ ရဲမွန်တောင်ရပ် (၅၃) လမ်းနှင့် (၅၃) လမ်းထောင့်နေ ဦးဇော်ဝင်း-ဒေါ်သန်းမြင့် (ရွှင်ရွှင်ရေဆေးဆီလိုက်) အလှူရှင်မိသားစုက ဆေးပေးခန်းအတွက် အလှူငွေကျပ် ၁၀သိန်းကို လှူဒါန်းသည်။

ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီတွင်လည်း ဗြဟ္မစိုရ်လူမှုရေးအသင်းသို့ အလှူရှင် မုံရွာမြို့ စာရေးတံမဲ ဘုရားကြီးရပ်နေ ဦးစန်းယုအောင်-ဒေါ်အေးအေးကြွယ်၊ သား မောင်းစွမ်းထက်နိုင် မိသားစုက (စွမ်းထက်နိုင် ရွှေသန့်လုပ်ငန်း)၊ သုံးနှစ်ပြည့် အထိမ်းအမှတ်အလှူငွေကျပ် ၁၀သိန်းကိုလည်းကောင်း **(အောက်ပုံ)၊** မန္တလေးမြို့ ရန်မျိုးလုံရပ် အမှတ် (၁၂၅) (၇၃) လမ်း (၃၂)×(၃၃) လမ်းကြားနေ ဒေါ်မြိုင်နှင့် သားသမီးများ (စိန်ရတနာမိသားစု) က ဦးဌေးအား ရည်စူး၍ ကျန်းမာရေးဆေးကုသမှုနှင့် ထောက်ပံ့မှုအတွက် အလှူငွေကျပ်သုံးသိန်းနှင့် နှစ်သိန်းတန်ဖိုးရှိ လူနာခုတင်တစ်လုံးတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၆၉)



ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနမှ ဘုရင့်နောင်မင်းတရားကြီး ဘဝအတွေးအခေါ် ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ ယခု မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ ရေးသားပြုစုသည့် "ဘုရင့်နောင်မင်းတရားကြီး ဘဝအတွေးအခေါ် ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** ယခုစာအုပ်တွင် မြန်မာနိုင်ငံ၌ စံတင်ထိုက်သည့် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရား (ဘုရင့်နောင်ကျော်ထင်နော်ရထာ)၏ နိုင်ငံတော်ကို စည်းရုံးတည်ထောင်ခဲ့ပုံများ၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းအောင် ဆောင်ရွက်ခြင်းများ အပါအဝင် ရဟန်း ပညာရှိ၊ လူပညာရှိ၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များကို ပြုစုပျိုးထောင်ပေးခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ငွေကြေးစနစ်များ စနစ်တကျဖြစ်အောင် ဆောင်ရွက်ခဲ့ပုံများကို ထင်ရှားပေါ်လွင်အောင် တင်ပြထားသည်ကို တွေ့ရသည်။

သမိုင်းသုတေသန ဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်များနှင့် မြန်မာသမိုင်းသုတေသန စာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ်၊ လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်း တစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

ဤစာအုပ်ကို သမိုင်းသုတေသန ဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅)တွင် လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၂၀၀ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နေပြည်တော် ရုံးအမှတ်(၃၅)မှ ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၃၄၄နှင့် ရန်ကုန်မြို့ အမျိုးသားပြတိုက်၊ သမိုင်းသုတေသန ဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅-၁၉၅၊ ၃၉၅၁၉၂တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသနဦးစီးဌာနမှ ယခင်က ထုတ်ဝေခဲ့သည့် စာအုပ်များနှင့် မြန်မာသမိုင်း သုတေသနစာစောင်များကို အထက်ပါ လိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီအမ် ဂျေရဲအာတနဲ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင်ကာတိုလိပ်ကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပ

နေပြည်တော်　ဖေဖော်ဝါရီ　၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ယခင်ကာတိုလိပ်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများက မြတ်ဆရာပူဇော်ပွဲ မုခ်ဦးဆိုင်းဘုတ်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသားဟောင်း တစ်ဦးက ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို မြန်မာ့စောင်းဖြင့် တီးခတ်၍ ရတုပိုဒ်စုံဖြင့် ရွတ်ဆိုပူဇော်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။ ယင်းနောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၈၄ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များက ငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီနာယက ကျောင်းသားဟောင်း ဆရာကြီး ဦးတင်အေးနှင့် ကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်းတို့က ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အလှူရှင်ရန်ကုန်မြို့မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်း(ငြိမ်း)က ကွန်ပျူတာနှစ်စုံ၊ မြတ်ဆရာ ပူဇော်ပွဲကျင်းပရေးကော်မတီက ကျောင်းအဝင်လမ်းမကြီး ပြုပြင်ခဲ့ခြင်းအတွက် ငွေကျပ် သုံးသိန်း လှူဒါန်းခြင်းတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာတင်ယုယုအေးက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးသန်းဆွေက ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော်　ဖေဖော်ဝါရီ　၄

မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မက္ကဆီကိုမြို့တော်၌ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဖိလစ်ပီ ကာလ်ဒီရွန် ဒီ ဂျီးစပ် ဟီနိုဟိုစာ ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို ကမာရွတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ဇန်နဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်း (အငြိမ်းစား)က အသက် (၇၅)နှစ်ပြည့် အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

(ကြေးမုံ)

LIFESTYLES EXPO-2011 ပြပွဲတွင် ခင်ပြုံးမွန်အင်ဒိုနီးရှားပါတိတ် ပါဝင်ပြသ

ရန်ကုန်　ဖေဖော်ဝါရီ　၃

Mon Shine International Trading Co., Ltd. (ခင်ပြုံးမွန်အင်ဒိုနီးရှားပါတိတ်) ပြခန်းသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက် အထိ ခင်းကျင်းပြသ

သော LIFESTYLES EXPO-2011 ပြပွဲတွင် ပါဝင်ပြသသည်။ **(အပေါ်ပုံ)**

ခင်ပြုံးမွန်ပါတိတ်သည် အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းကာ တစ်နိုင်ငံလုံးတွင် ဖြန့်ချိရောင်းချနေသော ပါတိတ်ဒီဇိုင်း၊ အမျိုးအစား အရောင်အသွေးစုံလင်ကာ ဆေးခိုင် အာမခံဖြစ်ကြောင်း၊ သင့်တင့်မျှတသော ဈေးနှုန်းနှင့် အသက်အရွယ်မရွေး ဝတ်ဆင်နိုင်ခြင်းတို့အပြင် ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက် ပြပွဲကာလအတွင်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထူးဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်သည်။

ခင်ပြုံးမွန် (အင်ဒိုနီးရှားပါတိတ်)ကို ၁၀ နှစ်တာကာလအတွင်း အားပေးခဲ့သူများအတွက် ခင်ပြုံးမွန် Member Card များဖြင့် ပြန်လည်ကျေးဇူးတုံ့ပြန်ရန် စီစဉ်နေသည်။

ခင်ပြုံးမွန်(အင်ဒိုနီးရှားပါတိတ်)မျိုးစုံကို ဖုန်း-၂၉၂၄၈၆နှင့် ၂၀၂၉၇၈ အခန်း(၄) တိုက်(၁၂) နှင်းဆီလမ်း ယုဇနပလာဇာအနီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ အေ(၃၅)၊ ဘီ(၃၅) ယုဇနပလာဇာ ဝင်ပေါက် အမှတ်(၁၅)ရှေ့ (ခတ်လှေကားအနီး)နှင့် မန္တလေးမြို့ ပုလဲငွေရောင် (၈၂)လမ်းနှင့် (၈၃)လမ်းကြား လမ်း(၂၀) အမှတ်(၈၆)နှင့် မန္တလေးဈေးချိုတော် ဆိုင်ခန်းအမှတ်(၁၈) စီရုံ ပထမထပ်တို့မှ ဖြန့်ချိရောင်းချနေကြောင်း သိရသည်။

(သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့

ဆားလင်းကြီး　ဖေဖော်ဝါရီ　၃

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် အမှုဆောင်များသည် တရားကျေးရွာအုပ်စု ရှမ်းကိုင်းအနောက်ရွာနေ ဦးညီညီလွင်-ဒေါ်တင်မာရီတို့က သုံးမြွာပူး မိန်းကလေးများ မွေးဖွားခဲ့ရာ ၎င်းမိခင်နှင့် ကလေးသုံးမြွာပူးတို့အား အနွေးထည်သုံးစုံနှင့် ငွေသားများကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဇန်နဝါရီ ၁၄ ရက်တွင် ထောက်ပံ့ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၃

အကြိမ်(၃၀)မြောက် သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ပညာသင်ထောက်ပံ့ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)က ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီးမဏ္ဍပ်ရုံ၌ကျင်းပရာ သက်ကြီး ၅၆ ဦးအား ပူဇော်ကန်တော့ပြီး ဘာသာစုံဂုဏ်ထူးရ မောင်ဖြိုးပြည့်စုံနှင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့အား ဆုချီးမြှင့်ကာ ပညာသင်ထောက်ပံ့ဆုရသူ ငါးဦးတို့အား ချီးမြှင့်ထောက်ပံ့ငွေပေးအပ်၍ အမှုဆောင်သစ် ၂၂ ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ ၃ ရက်က တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့်အဖွဲ့ ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအုပ်စု ဦးအောင်နိုင်၏ ရော်ဘာစိုက်ခင်းအတွင်း စိုက်ပျိုးထားသော သင့်အဆင့်အတန်းရှိ သီးညှပ်စပါး (ခေါက်မလိစပါးမျိုး)အား ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကမာရွတ်မြို့နယ် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရ မောင်အောင်သက်ပိုင်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း လမ်းပခုံးခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းတာဝန်ယူဆောင်ရွက်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ခင်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

☆ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၂၅)ဦး ရှိသည့်အနက် (၃၂၅) ဦးစလုံး တက်ရောက်သည့်အတွက်(၁၀၀)ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့၌ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အမည်စာရင်းကို ကြေညာသည်။

ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၃)ဖြင့် လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ဆန္ဒမဲပေးရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့ကလည်း ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

စိစစ်ရေတွက်

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် တာဝန်ရှိလွှတ်တော်ရုံးဝန်ထမ်းက ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်းနှစ်ဦးအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက်သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ /မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာ၌ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်းကြေညာသည်။

ယင်းနောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည်

ထို့နောက် ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်သည်။ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်းထောက်ခံဆန္ဒမဲရရှိမှုအခြေအနေမှာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန် (၂၇၆)မဲ၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် (၃၈)မဲနှင့် ပယ်မဲ (၁၁) မဲဖြစ်သည်။

ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

တင်ပြသွားမည်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဦးသိန်းစိန်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သောသမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၄ရက် (သောကြာနေ့) နံနက်၁၀နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး စုံညီစွာတက်ရောက်ကြရန် ပြည်ထောင်စုလွှတ်တော် နာယကက ဖိတ်ကြားကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၅၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဦးသိန်းစိန်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာစဉ်။ (သတင်းစဉ်)

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)



ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးရွာဖွယ်ရာရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင်ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့်ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ပူတာအိုမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၀နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာကမ်းခြေအနီးတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၄ ရက် ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုး အနည်းငယ်ရွာဖွယ်ရာရှိသည်။

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ချင်းပြည်နယ်၌ သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ချင်းပြည်နယ် မြေစာရင်းဦးစီးဌာန ပြည်နယ်အဆင့်(ဒုတိယအဆင့်) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီတွင် ဖလမ်းခရိုင် မြေစာရင်းဦးစီးဌာနရုံး၌ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကြည်ဦးက သင်တန်းဆင်းအမှာ စကားပြောကြားပြီး ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးရဲဇော်ဟိန်းက သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်မှုအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်တင်ပြသည်။

အဆိုပါ သင်တန်းသို့ ဖလမ်းခရိုင်အတွင်းရှိ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ အပါအဝင် သင်တန်းသား ၃၄ ဦး တက်ရောက်ခဲ့ပြီး လက်တွေ့ကွင်းဆင်းကောက်ယူခြင်း အပါအဝင် သင်တန်းကာလ ငါးရက်ကြာမြင့်ခဲ့သည်။ အဆိုပါ သင်တန်းဆင်းဝန်ထမ်းများက လယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲစာရင်း ကောက်ယူရေးအတွက် မြို့နယ်အဆင့် (တတိယအဆင့်)သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ရက်မှ မတ် ၃၁ရက်အတွင်း နောက်ဆက်တွဲစာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

အစည်းအဝေး အစီအစဉ်အရ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နေရာယူပြီး ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၆၈)ဦး ရှိသည့်အနက် (၁၆၈)ဦး စလုံး တက်ရောက်သည့်အတွက် (၁၀၀)ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

အမည်စာရင်းကြေညာ

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပထမနေ့၌ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်း နှစ်ဦး၏ အမည်စာရင်းကို ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်းနှစ်ဦးအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာ၌ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

လျှို့ဝှက်ဆန္ဒမဲပေး

ယင်းနောက် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၃)ဖြင့် လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် အစုအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့ကလည်း ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် တာဝန်ရှိ လွှတ်တော်ရုံးဝန်ထမ်းက ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက်မှ တစ်ဦးအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးကြစဉ်။

(သတင်းစဉ်)

အတည်ပြုချက်ရယူ

ထို့နောက် ဒုတိယသမ္မတလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်း အလိုက် အမည်စာရင်းကို ပုံစံ(၈)တွင် ဖြည့်စွက်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ အတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်သည်။ ဒုတိယသမ္မတလောင်းများ၏ တစ်ဦးချင်း ထောက်ခံ ဆန္ဒမဲ ရရှိမှုအခြေအနေမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းက (၁၄၀)မဲ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က (၂၇)မဲနှင့် ပယ်မဲ (၁)မဲဖြစ်သည်။

ရွေးချယ်တင်မြှောက်

ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌက ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းအား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (ခ)မောင်အုန်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်း၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာစဉ်။

(သတင်းစဉ်)

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့၏ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး စုံညီစွာ တက်ရောက်ကြရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ကြားကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ (လက်ကပ်၊ကျောရိုး၊ ခါးကြောညပ်)
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၈။	အကပြိုင်ပွဲ
၈း၂၅	၉။	"ချစ်သောမြေ၊ ချစ်သောရေ"
၈း၃၀	၁၀။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	နှောင်းခေတ်တေးပဒေသာ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀	၄။	၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(စိတ်ကြိုက်မြန်မာစာ)
၅း၀၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၆။	"ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ"
၅း၂၀	၇။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀	၈။	**"ရိုးသားဖြူစင်ကလေးတို့အသွင်"**
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၈)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	"လျှပ်တစ်ပြက်ဟာသများ"
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၅)**
	၁၈။	သီချင်းချစ်သူ (ဇော်ပိုင်)
	၁၉။	အစီအစဉ်ပြီး၏။

ဥတု
ရာသီ
တောကို
မှီ၍

သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသိဒ္ဓိရပ်ကွက် ပြည်ကြီးဇေယျာလမ်းရှိ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H.S.B Tennakoon နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုကဲ့သို့ တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ ဖြစ်သည့် သွေးလွန်တုပ်ကွေး၊ လူတုပ်ကွေး၊ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ၊ အသည်းရောင်ရောဂါ အပါအဝင် အခြားကူးစက်တတ်သောရောဂါများ၊ ကင်ဆာရောဂါ၊ တိုင်းရင်းဆေးသုတေသန၊ ပတ်ဝန်းကျင်ကျန်းမာရေး သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြပြီး သုတေသနဓာတ်ခွဲခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။

(သတင်းစဉ်)

စက်မှုလက်မှု အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စက်မှုလက်မှုအထက(၁) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် Royal Garden Restaurant ဗိုလ်ချုပ်ပန်းခြံ ကန်တော်ကြီး ဗဟန်း (ယခင် စက်မှုလက်မှု အထက-၁ ကျောင်းရှေ့)၌ကျင်းပမည်ဖြစ်ရာ ရွှေရတုအချိန်ကျော်ပြီး ခေတ်အဆက်ဆက် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ကျော် ဆရာကြီး၊ ဆရာကြီးများအား ပူဇော်ကန်တော့ပြီး မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဦးလှထွန်း ဖုန်း- ၀၉-၈၀၂၂၉၅၆၊ ဦးစိုးဝင်း ဖုန်း- ၀၉-၅၀၇၁၈၀၇၊ ဦးသိန်းဝေ ဖုန်း-၅၁၂၉၁၈၊ ဦးသန်းထွန်း ဖုန်း-၅၆၆၄၀၂၊ ဦးဝင်းတင် ဖုန်း-၅၆၃၆၉၈၊ ဦးထွန်းထွန်းလွင် ဖုန်း-၀၉-၂၀၀၅၉၉၄၊ ဦးဘသိန်း ဖုန်း-၃၉၈၁၉၄၊ ဦးအောင်သာကျော် ဖုန်း-၀၅၃-၂၈၇၀၀၊ ဦးစိုးတင့် ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးအေးကြူ ဖုန်း-၆၄၇၃၄၇၊ ဦးနေလင်း ဖုန်း-၀၉-၅၀၂၇၄၄၉၊ ဦးသန်းဆွေ ဖုန်း-၀၉-၅၀၁၂၇၂၈၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၄၀၉၅၁၄၊ ဦးအောင်ဆင့် ဖုန်း-၀၉-၈၆၁၃၉၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လှူဒါန်း

မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင် မီးအိမ်ရှင်စာအုပ်ထုတ်ဝေဖြန့်ချိခြင်း အထိမ်းအမှတ် ရန်ကုန်မြို့ ရွှေဂုံတိုင် သာသနာ့ဗိမာန်အတွက် ထာဝရလျှပ်စစ်မီးအလင်းရောင် အလှူရှင်အဖြစ် တာဝန်ယူလှူဒါန်းရာ တာဝန်ခံဆရာဦးလှိုင်မြင့် ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

LIFE STYLES EXPO 2011 ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

Milky Way International Co., Ltd. သည် LIFE STYLES EXPO 2011 ပြပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို Milky Way International Co., Ltd. Managing Director ဒေါ်နန်းဆုရတီစိုး၊ Shine Group of Companies မှ Managing Director ဦးမျိုးကိုကိုနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် Shine Group of Companies မှ Main Sponsor, Kaung Myat Zaw Company Ltd. မှ Diamond Sponsor နှင့်Co-sponsor များအဖြစ် Asia Metal Co., Ltd., Everseiko Co., Ltd. တို့က ပံ့ပိုးကူညီပြီး Shine Group Company Co., Ltd. မှ အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်ဆောက်ပစ္စည်းများနှင့် Steel Door များ၊ Asia Metal Group of Companies မှ အိမ်ဆောက်ပစ္စည်းများ၊ အလူမီနီယမ်နှင့် ရုံးသုံးပရိဘောဂများ၊ Everseiko Co., Ltd. မှ Kanebo , Kracie , PUPA အမှတ်တံဆိပ် Cosmetic များ၊ Police အမှတ်တံဆိပ် နေကာမျက်မှန်များ၊ Stieble Eltron ရေပူရေအေးစက်များ၊ Crown Electronic, PEACE MYANMAR ELECTRIC Co., Ltd., Infinity Investment Co., Ltd., Canon, JBS Electronic, Future Step Co., Ltd., Yee Shin မှ Haier Aircon, Concordia, One M (Myanmar) Co., Ltd., Cash 'n' Carry, Do Do Ko Ko, Zulex Audio, Royal Tun , Myat Kan Moe အီလက်ထရွန်နစ်နှင့် ဆက်စပ်ပစ္စည်းများ၊ Cyber City, Suzuki, KMD နှင့် Technoland ကွန်ပျူတာပစ္စည်းအမျိုးမျိုး၊ Hisense, Do Co Mo, Spice Wellcom Mobine, Samsung Mobile, Samsung Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းလ်နှင့် Wi Fi ဖုန်းအမျိုးမျိုး၊ Maruart မှ New Wood Creator နှင့် Home Distribution Group ကြမ်းခင်းများ၊ ရွှေပင်ငွေပင် ဦးသန်းထွန်း၊ Universal Furniture, Gold Coil, စိန်နှင့်မြ၊ Golden Rose Industry ၊ Leeca ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Now How, Sheene, Pierre Cardin, FEM, Li Li, Htun Thit Oo, EMP Co., Ltd. Tiens နှင့် HANA အမှတ်တံဆိပ် အလှကုန်ပစ္စည်းများ၊ SOLO Collection, Bolly Wood, Latest shirt, Green Light နှင့် Unitex Fashion တို့မှ ဖက်ရှင်အင်္ကျီအမျိုးမျိုး၊ Sm³၊ MNZ, Carabbian၊ SP Distribution Group , Toshiba Kyaw Win, Cherry Oo မှ နာရီအမျိုးမျိုး၊ သီဟရတနာစာပေ၊ Amtt ၊ Auto Electrical ၊ Good & More Co., Ltd.၊ United Pharma Co., Ltd.၊ Mya Na Di Trading နှင့် TSUNG တို့မှဖိနပ်များ၊ Total Leaning Academy , IQ Lamp၊ Maung Aye & Sons Co., Ltd. (မျက်မှန်) တို့ဖြင့် ပြခန်းပေါင်း ၁၅၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၆၀ ကျော်တို့က အထူးဈေးနှုန်းများဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပရာ သဘာပတိအဖြစ် နာယက ဦးကျော်စိုး (မောင်ကျေးဖူး)က ဆောင်ရွက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ (၁)ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) **(အောက်ပုံ)**နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (ဦးခင်ဇော်-မရမ်းကုန်း)က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆွေးနွေးပြောကြားသည်။ (၁၁၁)

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မွန်သောင်းကျန်းသူ အဖွဲ့နှစ်ဖွဲ့ ပစ်ခတ်မှုဖြစ်ပွား၊ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မယ်တရိုကျေးရွာ၌ ဇန်နဝါရီ ၃၁ ရက် ညပိုင်းတွင် မွန်သောင်းကျန်းသူအဖွဲ့နှစ်ဖွဲ့ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးသွားခဲ့ကြောင်း၊ မွန်သောင်းကျန်းသူ အဖွဲ့နှစ်ဖွဲ့မှ ဒဏ်ရာရ၊ သေဆုံးမှုစာရင်းအား မသိရှိရသေးကြောင်း သိရှိရသည်။

မွန်ခွဲထွက်အဖွဲ့မှ တပ်စုမှူးအဆင့်ရှိ ကိုရင်လေး(ခ) ကွန်ဟပွေး ဦးစီးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီမှ တပ်ခွဲမှူးအဆင့်ရှိ ဘကျော် ဦးစီးအဖွဲ့တို့ မယ်တရိုကျေးရွာ ဥက္ကဋ္ဌ၏ အိမ်အနောက်ဘက် ၁၅ ပေခန့်အကွာ ရော်ဘာခြံစပ်၌ ည ၁၀ နာရီ ၅ မိနစ်ခန့်မှ ၁၀ နာရီခွဲခန့်အထိ ထိတွေ့ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်မှုဖြစ်ပွားစဉ် ကျေးရွာဥက္ကဋ္ဌ၏ ဖခင် ဦးကလိုင် အသက် (၈၃)နှစ်မှာ လက်နက်ငယ်ကျည်များ ထိမှန်ပြီး သေဆုံးသွားခဲ့ကြောင်း၊ ထို့နောက် မွန်သောင်းကျန်းသူအဖွဲ့များ ဆုတ်ခွာသွားရာ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဇန်နဝါရီ ၂၄ ရက်က အမက(၂၂) တာမွေတွင် ဦးဆန်းဝင်း-ဒေါ်တွတ်တွတ်(ပူးမင်းပဲကြော်လုပ်ငန်း)တို့၏သမီး သူငယ်တန်းမှ မသုနန္ဒာဆွေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား ရေခဲမုန့်နှင့် ကိတ်မုန့် အာဟာရကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေး ကျိုင်းတုံ၌ ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က အဝေးပြေး ယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ယာဉ်မတော်တဆ ဖြစ်ပွားမှုပပျောက်ရေး အတွက် ယာဉ်စည်းကမ်း လိုက်နာရေး ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(ကျိုင်းတုံကညန)

KNU သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဝဲဒူးပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမာမောင်းမြို့နယ်ခွဲ ပုဇွန်မြောင်းကျေးရွာနေ ဦးဖားတုသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခန့်တွင် ၎င်းပိုင် ဆင်တစ်ကောင်အား လိုက်လံရှာဖွေစဉ် ကတိုင်တိကျေးရွာ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ထီးကလော်ချောင်းအနီး၌ KNU သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဒူးပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ကတိုင်တိဆေးခန်း၌ ကုသပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိမှုကြောင့် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ အပြစ်မဲ့ပြည်သူ အမျိုးသားသုံးဦး သေဆုံးပြီး အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

(၁၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့တွင် မကွေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး အားကစားကွင်းနှင့် မကွေးခရိုင် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး မကွေးခရိုင် အားကစားကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု လမ်းသစ်နှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းသစ်နှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားများ ကျင်းပလျက်ရှိရာ ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ရေယား-ပိန္နဲပင်ကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အလားတူ ရပ်စောက်မြို့နယ် ပင်ဖြစ်ဈေးပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၉ နာရီခွဲတွင် ဈေးပတ်လမ်း မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဆိုပါ ကျောက်ချောလမ်းမှာ အရှည်ပေ ၁၉၈၀၊ အကျယ် ၁၀ပေရှိကြောင်း သိရှိရသည်။

ထို့အတူ ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုကျောက်တိုင်ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၈ နာရီတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ ကတ္တရာလမ်း၏ အရှည်မှာ ပေ ၁၃၆၀၊ အကျယ် ၁၂ ပေဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပွဲကုန်း-၃ ကျေးရွာ နှစ်လက်မစက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ယင်းစက်ရေတွင်းနှင့်အတူ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ဂါလန် ၁၅၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းတို့ပါ ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၁) ၂၀၀၉-၂၀၁၀ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက်ပထမဆုရရှိသော တတိယတန်းမှ မခင်ခက်ခက်ခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင် ဆုချီးမြှင့်စဉ်။ (၁၆၉)

သွေးသည် အသက်

SHINE ဆောက်လုပ်ရေးကုမ္ပဏီ LIFE STYLE EXPO-2011 တွင် ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ LIFE STYLES EXPO-2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ရက်အထိ ပြသလျက်ရှိရာ SHINE Group of Companies မှ အိမ်ရာအရောင်း ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။**(အပေါ်ပုံ)**

မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည့် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ကွန်ဒိုတိုက်ခန်းများကို အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ တိုက်ခန်းတစ်ခန်း ဝယ်ယူလိုပါက ငွေကျပ်ငါးသိန်းသာ ယူဆောင်လာရန်လိုအပ်ပြီး ၂၄ နာရီ ရေမီး၊ဓာတ်လှေကား၊ အင်တာနက်၊ ကားရပ်နားရန်နေရာပါရှိသောအဆင့်မြင့် ကွန်ဒိုတစ်ခန်း ဝယ်ယူလိုပါက ငွေကျပ် ၁၀ သိန်းသာ ယူဆောင်လာရန် လိုအပ်သည်။

အထူးအစီအစဉ်ဖြင့် အဆင့်မြင့် ကွန်ဒိုတစ်ခန်း ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် ပြပွဲကာလရက်အတွင်းငွေကျပ်ငါးသောင်းဖြင့် Booking Form ဖြည့်စွက်ပြီး မိမိဝယ်ယူလိုသည့် ကွန်ဒိုတိုက်ခန်းအား နှစ်နှစ်မှသုံးနှစ်အထိ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ငွေပေးသွင်းခွင့်ရရှိနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်ဝယ်မည်ဆိုပါက ရှိုင်းကိုသတိရပါဟူသောဆောင်ပုဒ်နှင့်အညီ ဝယ်ယူအားပေးသည့် မိဘပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ကျေးဇူးတုံ့ပြန်လျက်ရှိပြီး ဆက်သွယ်လိုပါက SHINE Group of Companies အမှတ်(၂၉) ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၅၃၄၀နှင့် ဖက်စ်-၂၅၀၄၈၅တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်းစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၃

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် တပ်ကုန်းရပ်ကွက် တပ်ကုန်း-ရွှေလမ်းမကြီးအပေါ်တွင် ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၃ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း သီရိလင်္ကာပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပရော်ဖက်ဆာ ဂျီအယ်လ် ပီးရီးစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့ နံနက် ၁၀နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်း အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၇)ရပ်ကွက် ပဏ္ဍိတလမ်းနေ ဒေါ်ဦးညွန့်သိန်း မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လယ်ဝေးမြို့နယ်နှင့် ပုသိမ်မြို့တို့၌ မီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက်ရှိ နေအိမ်တစ်လုံး၌ ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မိနစ် ၂၀ ခန့်ကြာမြင့်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါနေအိမ်အမိုးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးပေါ့ဆသူ ဦးမောင်မြင့်အား လယ်ဝေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

အလားတူ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ (၆)ရပ်ကွက် ကမ်းနားလမ်းရှိ ဆီဆိုင်တစ်ဆိုင်၌ ဆီဆိုင်လုပ်သား တစ်ဦးက ဆီပီပါအဖုံးအား ဂေါက်ဖြင့် ရိုက်ဖွင့်စဉ် အပူရှိန်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ၎င်းလုပ်သားမီးအဟပ်ခံခဲ့ရကြောင်း၊ ထို့ပြင် ဆိုင်ခန်းတစ်ခန်း၊ ဒီဇယ်၊ ရေနံချေးနှင့် ဓာတ်ဆီပီပါများ၊ ဘေးဝန်းကျင်အိမ်များ ပီနန်အိတ်ခွံနှင့် မျက်နှာကြက်နှင့်အမိုးအချို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဆီဆိုင်လုပ်သား တက်တိုးအား အသည်ကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနက မီးသတိပေးချက်အနေဖြင့် မီးကိုပေါ့ပေါ့ဆဆမသုံးပါနှင့်၊ ကလေးနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းမချက်ခိုင်းပါနှင့်၊ မတော်တဆ မီးလောင်လျှင် ကျိတ်မသတ်ပါနှင့်၊ အိမ်နီးနားချင်းကို အကူအညီတောင်းခံပါ၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ အမွှေးတိုင်မီးတို့ကို သတိပြု၍ ငြိမ်းသတ်ပါ၊ ဓာတ်ဆီ၊ ရေနံဆီစသည့် လောင်စာများကို စနစ်တကျထားသိုပါ၊ အိမ်ပြင်ထွက်လျှင် လျှပ်စစ်မီးအားလုံးပိတ်ခဲ့ပါ၊ မီးဖိုမီးရှိလျှင် ငြိမ်းသတ်ခဲ့ပါစသည်ဖြင့် သတိပေးထားရာ တစ်ဦးချင်းအနေဖြင့်ရော အားလုံးကပါ ဂရုတစိုက်လိုက်နာကျင့်သုံးပါက မီးဘေးအန္တရာယ် အမှန်တကယ်ကင်းဝေးမည်ဖြစ်ကြောင်း နှိုးဆော်လိုက်ရပါသည်။ (သတင်းစဉ်)

လီဗာပူးနှင့် စပါးတို့ အမှတ်ပြည့်ရခဲ့သည့် ပွဲစဉ် (၂၅)

လန်ဒန် ဖေဖော်ဝါရီ ၃

ပရီမီယာလိဂ် ပွဲစဉ်(၂၅)၏ ဒုတိယနေ့ ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ လီဗာပူးနှင့် စပါးတို့ အမှတ်ပြည့်ရယူနိုင်ခဲ့ကြသည်။

လီဗာပူး ၂-၀ စတုတ်စီးတီး

အိမ်ရှင်လီဗာပူးတွင် ဂျရတ်၊ ဒရက်ကောက်၊ ရာအူးလ်မီယာလက်စ်၊ ဂလင်ဂျွန်ဆင်၊ လူးကပ်စ်၊ မာတင်ကယ်လီတို့ဖြင့်လူစုံခဲ့ပြီး အသစ်ခေါ်ယူထားသည့် အင်ဒီကာရိုးမှာ ပွဲကြည့်စင်၌သာ ရှိခဲ့သော်လည်း ဆွာရက်ဇ်မှာ အရန်စာရင်းတွင်ပါဝင်လာခဲ့သည်။ လီဗာပူးအတွက် ဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် ရာအူးလ်မီယာလက်စ်နှင့် ၇၉မိနစ်တွင် ဆွာရက်ဇ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်း ၀-၁ စပါး

စပါးအသင်းသည် အဝေးကွင်းတွင် အမှတ်ပြည့်ရယူနိုင်ရေးအတွက် ဒီဖိုး၊ ပီတာခရော့ချ်၊ ပလာစီယိုစ်၊ ဗန်ဒါဗက်၊ ဂျီးနပ်စ်၊ လင်နွန်တို့ဖြင့် လူစုံထုတ်သုံးခဲ့သည်။ စပါးအသင်း ထိုသို့ လူစုံခဲ့သော်လည်း ဘလက်ဘန်း၏ ခံစစ်ကစားအားကောင်းမွန်မှုကြောင့် ပထမပိုင်းပွဲအစ ၃ မိနစ်တွင် ပီတာခရော့ချ် ခေါင်းတိုက်သွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့်သာ အနိုင်ရခဲ့သည်။

ပွဲစဉ် (၂၅)အပြီးတွင် မန်ယူက တစ်ပွဲလျှော့၅၄မှတ်ဖြင့်ပထမနေရာ၊အာဆင်နယ်ကတစ်ပွဲလျှော့ ၄၉ မှတ်ဖြင့် ဒုတိယ၊ မန်စီးတီးက ပွဲပြည့်ကစား ၄၆ မှတ်ဖြင့် တတိယနှင့် ချယ်လ်ဆီးက တစ်ပွဲလျှော့ ၄၄မှတ်ဖြင့်စတုတ္ထနေရာတို့တွင်အသီးသီး ရပ်တည်လျက်ရှိကြသည်။ လီဗာပူးမှာမူ ၃၅ မှတ်ဖြင့် အဆင့်(၇)တွင်သာ ရှိနေသေးသည်။ ***အင်တာနက်။***

စပါးအတွက် တစ်လုံးတည်းသောအနိုင်ဂိုး သွင်းပေးခဲ့သည့် ပီတာခရော့ချ်။

လီဗာပူးအတွက် အနိုင်သေချာစေသည့်ဂိုးကို သွင်းပေးခဲ့သည့် ဆွာရက်ဇ်။

အခြားပွဲစဉ် ရလဒ်များ		
ဘာမင်ဂမ်	၂-၂	မန်စီးတီး
ဘလက်ပူးလ်	၁-၃	ဝက်စ်ဟမ်း
ဘော်လ်တန်	၁-၀	ဝုလ်ဗာဟမ်တန်
ဖူလ်ဟမ်	၁-၀	နယူးကာဆယ်

ဟန်သစ်

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဒုတိယပင်လုံ၏ အနှစ်သာရမဲ့မှု

မောင်စူးစမ်း

လုံလောက်

ဆောင်ပုဒ်တစ်ခု၏ အနက်အဓိပ္ပာယ်သည် အင်စတီကျူးရှင်း၏ လုံလောက်မှု သို့မဟုတ် မလုံလောက်မှုတို့အပေါ်တွင် မူတည်သည်။ **ပထမပင်လုံညီလာခံသည် လွတ်လပ်ရေးအတွက် အင်စတီကျူးရှင်းများ မပြည့်စုံသေးသဖြင့် အင်စတီကျူးရှင်းရှာပုံတော်ဖွင့်သောလုပ်ငန်းစဉ်အဖြစ် နားလည်အပ်သည်။ ယခု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့ ပေါ်လာပြီဖြစ်ရာ လိုအပ်သော အင်စတီကျူးရှင်းတို့သည် လုံလောက်ပြည့်စုံသည်ဟု ယူဆရမည်။** အင်စတီကျူးရှင်းများ လုံလောက်စွာရှိနေလျှင် အချို့သောဆောင်ပုဒ်တို့သည် အလိုအလျောက်ဆီလျော်မှုမဲ့သွားသည်။ အဓိပ္ပာယ်မရှိ ဖြစ်သွားသည်။

ဤအမြင်ဖြင့်ကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် ကုံလုံပြည့်စုံနေပြီဖြစ်သောကြောင့် ဒုတိယပင်လုံဟုယူဆသော ဆောင်ပုဒ်သည် ဆီလျော်အပ်စပ်မှုမရှိနိုင်ပြီ။ အကြောင်းမူ နိုင်ငံရေးပြဿနာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွင့်ပေးထားသော ဖိုရမ်တို့တွင် လုံလုံလောက်လောက်တင်ပြနိုင်သောကြောင့် ဖြစ်သည်။

လိုက်လျောညီထွေ

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အရာရာအတွက် လုံလောက်နေသော ဖိုရမ်များဖြစ်လေရာ ဤဖိုရမ်တို့တွင် ပါဝင်ပြောဆိုနိုင်သည့် ဒီမိုကရေစီထူထောင်ရေးပြဿနာနှင့် တိုင်းရင်းသားလူမျိုးစုပြဿနာတို့သည် နိုင်ငံတော်၏ စွမ်းပကားနှင့် တည်ရှိဆဲ အင်စတီကျူးရှင်းတို့၏ စွမ်းပကားတို့ပေါ်တွင် အခြေတည်နေသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် လုံလောက်သောဖိုရမ်များ ဖြစ်လာသဖြင့် စင်ပြိုင်ဖိုရမ်များထူထောင်ရန် မလိုအပ်ပြီ။ လက်ရှိအခြေအနေသည် တည်ဆဲဖြစ်ထွန်းနေသော အင်စတီကျူးရှင်းတို့နှင့် လိုက်လျောညီထွေ အလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်သည်။ ဖိုရမ်များ လုံလုံလောက်လောက်ရှိနေပါလျက် ဒုတိယပင်လုံဆိုပြီး စင်ပြိုင်ကြွေးကြော်သည်မှာ ကြွေးကြော်သူတို့၏ အတွေးအခေါ် မွဲတေမှုကိုသာ ထင်ဟပ်ပါလိမ့်မည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အသံပေါင်းစုံတို့ကို ထုတ်ဖော် သို့မဟုတ် နားထောင်သော အခြေခံမဏ္ဍိုင်များ ဖြစ်နေသဖြင့် ဤမဏ္ဍိုင်တို့ကို အသုံးပြုရန်သာရှိသည်။ ထို့အပြင် ချွတ်ခြုံကျ ဒေဝါလီခံနေရသော၊ စင်ပြိုင်ထူထောင်ချင်သော ဆောင်ပုဒ်သည် အဓိပ္ပာယ်ရှိအံ့ဟုမထင်ပေ။ တိုင်းရင်းသားလူမျိုးစုပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်(သို့မဟုတ်)တိုင်းဒေသကြီးလွှတ်တော်တို့တွင်သာ ဖော်ထုတ်တင်ပြဖြေရှင်းရန်တာဝန်ရှိသည်ကို မမေ့အပ်ပေ။ ယှဉ်ပြိုင်ဖိုရမ်ထူထောင်၍ လူမျိုးစုပြဿနာတို့ကို ဖြေရှင်းရန်ဆိုသည်မှာလည်း ဘိန်းစားအိပ်မက်ကဲ့သို့ ဖြစ်နေသည်။ ဖြစ်နိုင်ခြေမရှိသော အိုင်ဒီယာဖြစ်သည်။

အရှိကိုအသုံးပြု

တရားဝင်ဖြစ်ပေါ်လာသည့်ဖိုရမ်တို့ကိုသာ အသုံးပြုရုံကလွဲ၍ အခြားနည်းလမ်းမရှိသည်ကို ဆင်ခြင်မိလျှင် ဒုတိယပင်လုံဆိုသောဆောင်ပုဒ်၏ အနှစ်သာရမဲ့မှုကို ထင်ရှားစွာတွေ့နိုင်သည်။ ဖြစ်ထွန်းမှုအသစ်များသည် တက်ကြွလှုပ်ရှားသူတို့ အခြေအနေနှင့် ဆီလျော်သောဆောင်ပုဒ်များ ရှားပါးကုန်ခြင်းဖြစ်သည်။ ထိုအခါ ဒုတိယပင်လုံဆိုသော လက်တွေ့မဖြစ်နိုင်သည့်အစီအစဉ် (Agenda) ကို လေထဲစမ်းမှုတ်ထုတ်ကြည့်လာကြသည်။ နိုင်ငံရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်နိုင်ငံရေးတို့တွင်သာ အထွတ်အထိပ်ဖြစ်ရမည်ဖြစ်၍ ဤနည်းမှအပဖြစ်သောဆောင်ပုဒ်တို့သည် အဓိပ္ပာယ်မဲ့ကုန်သည်။ ဖြစ်နိုင်ခြေမဲ့ကုန်သည်။ နိုင်ငံရေးဆောင်ပုဒ်ဟူသည် ဖြစ်နိုင်ခြေကို ထင်ဟပ်ရမည်။ ပကတိအစစ်အမှန်နှင့် လိုက်လျောညီထွေဖြစ်ကြရမည်။ ခေတ်သည် ဗလာချည်၊ အမြောက်ဆန်ပစ်သော လေလုံးထွားရသည့်ခေတ်မဟုတ်ပေ။ အရာရာကို ယထာဘူတကျကျ တစ်ဖက်သတ် အစွဲအလမ်းကင်းကင်းနှင့် ရှုမြင်သုံးသပ်ရမည့်အချိန်ဖြစ်သည်။ ပါဝါစကားနှင့် ပြောလျှင် ပါဝါလက်ဝါးကြီးအုပ်မှုမှ ပါဝါမျှဝေခြင်းသို့ ပြောင်းလဲသော ပါရာဒိုင်း အရွေ့အပြောင်းဖြစ်သည်။ ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် အရာရာအတွက် လုံလောက်နေသော ဖိုရမ်များဖြစ်လေရာ ဤဖိုရမ်တို့တွင် ပါဝင်ပြောဆိုနိုင်သည့် ဒီမိုကရေစီ ထူထောင်ရေးပြဿနာနှင့် တိုင်းရင်းသား လူမျိုးစုပြဿနာတို့သည် နိုင်ငံတော်၏ စွမ်းပကားနှင့် တည်ရှိဆဲ အင်စတီကျူးရှင်းတို့၏ စွမ်းပကားတို့ပေါ်တွင် အခြေတည်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လွှတ်တော်သုံးရပ်တို့သည် လုံလောက်သောဖိုရမ်များ ဖြစ်လာသဖြင့် စင်ပြိုင်ဖိုရမ်များထူထောင်ရန် မလိုအပ်ပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့သည် ကုံလုံပြည့်စုံနေပြီဖြစ်သောကြောင့် ဒုတိယပင်လုံဟုယူဆသော ဆောင်ပုဒ်သည် ဆီလျော်အပ်စပ်မှုမရှိနိုင်။ အကြောင်းမူ နိုင်ငံရေးပြဿနာ အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွင့်ပေးထားသောဖိုရမ်တို့တွင် လုံလုံလောက်လောက် တင်ပြနိုင်သောကြောင့်ဖြစ်။

မောင်စူးစမ်း

လွှတ်တော်သုံးရပ်
လုံလောက်နေသော
တို့တွင် ပါဝင်ပြောဆို
ထောင်ရေးပြဿနာနှင့်
တို့သည် နိုင်ငံတော်၏
င်စတီကျူးရှင်းတို့၏
ိုတည်။ ထို့ကြောင့်
တော်သုံးရပ်တို့သည်
ဝ်လာသဖြင့် စင်ပြိုင်
ပ်ပြီ။

တပ်လှန့်သံ

✻ "ပြည်"နယ် ခုနစ်ခု၊ ပေါင်းစုညီကြ
တိုင်းဒေသခုနစ်သွယ်၊ စုပေါင်းခြယ်လျက်
ကြယ်ဖြူတစ်ပွင့်၊ သုံးရောင်ဝင့်ခြယ်
မျိုးမြင့်ထည်ဝါ၊ ပြည်မြန်မာကား
ကမ္ဘာအလယ်၊ လွန်တင့်တယ်၏။

✻ "ထောင်" သောင်းသိန်းသန်း၊ လက်ဆင့်ကမ်း၍
စိတ်ဝမ်းလက်ညီ၊ လက်တွဲချီသည်
မြန်ပြည်နွယ်ဖွား၊ တိုင်းရင်းသားတို့
စိတ်ထားတူစုံ၊ မြို့ပြင်လုံဝယ်
ပေါင်းစုံညီညာ၊ အောင်ကြောင်းဖြာသည်
ကမ္ဘာအလယ်၊ လွန်တင့်တယ်၏။

✻ "စု" စည်းသောလက်၊ နွယ်ပင်ယှက်သို့
အဖျက်ရန်စွယ်၊ အသွယ်သွယ်ကို
ပြည်နယ်တိုင်းဖွား၊ မြန်ပြည်သားတို့
စွမ်းအားထက်မြက်၊ စည်းရုံးလျက်ဖြင့်
ပယ်ဖျက်တွန်းလှန်၊ ပြည့်အားမာန်သည်
မိုးယံသို့တိုင်၊ လွှမ်းဖုံးနိုင်၏။

✻ "နေ့" ထူးနေ့မြတ် ....
မပြတ်သတိ၊ အစဉ်ရှိ၍
ပြည်၏ရန်စွယ်၊ အသွယ်သွယ်နှင့်
အန္တရာယ်စစ်စစ်၊ ပြည့်ရန်စစ်ကို
အမြစ်မကျန်၊ တို့တွန်းလှန်မည်
မြဲမြံသတိ၊ အစဉ်ရှိ။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

သူဇာနွယ်(ဖျာပုံ)

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "မင်္ဂလရှစ်တန်လမ်းကြောင်းမှန်မှ နိဗ္ဗာန်ရ" တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၆း၃၅ ဖူးမည်အမှန်. . . ထူးမည်ဧကန် . . . မာရ်ငါးမာရ်
၆း၅၀ **MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၁)**
၈း၄၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-5)
၉း၁၅ Activities In The City [အထက (၁) သန်လျင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲ]
၉း၃၅ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၂)
၁၀း၁၀ ဦးညွတ်အခါခါ. . . မြတ်ဆရာ [အထက(၂)သဃ်န်းကျွန်း]
၁၀း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၁)
၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Peace Myanmar Electric Co.,Ltd ၏ ISO 9001-2008 လက်မှတ်ချီးမြှင့်ပွဲအခမ်းအနား)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ Activities In The City [သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ]
၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Miss Perfect Feet Contest 2010)
၁၂း၄၅ စက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၁း၀၀ "မင်္ဂလရှစ်တန်လမ်းကြောင်းမှန်မှ နိဗ္ဗာန်ရ"တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၁း၅၀ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့ဩသင့်ဖွယ်ရာ. . . စိတ်၏ငြိမ်းချမ်းမှုများပေါင်းဆုံရာ
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၂၀ **MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄)**
၄း၀၀ **MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၂၁)**
၄း၅၀ Activities In The City (တိုက်ကြီးမြို့ အထက ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၅း၁၅ MNL Preview
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေမှာ KOICA ၏ စေတနာ
၆း၄၀ **MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၅)**
၇း၂၅ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-6)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဂီတသရုပ်ပြခန်း (စောသက်ရဲ့စိတ်နဲ့အနီးဆုံး)
၈း၅၀ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၂)**
၁၀း၁၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၁၉၇၃-၇၇ ခုနှစ် ဓာတုဗေဒ/ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား/ကျောင်းသူများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ)
၁၀း၃၀ VJ Choice
၁၁း၀၀ ယွန်းဆိုသည်မှာ. . . (အပိုင်း-၂)
၁၁း၁၅ World of Knowledge (Triumph of Life Brain Power)
၁၂း၀၀ တစ်ခါစားကြည့်အရသာသိ စွဲငြိစေမည် မဟာဌာနီ
၁၂း၁၀ သတ္တုတူးသောရှာကလေး
၁၂း၂၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [စာရေးဆရာမမိုးမိုး(အင်းလျား)]
၁၂း၅၀ မင်းမသိသေးပါဘူးကွာ (ရော၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂း၅၅ လပွတ္တာနှင့်သုံးမိုင်အကွာ
၁း၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရောင်စုံစက္ကူပန်းအိုး ပြုလုပ်နည်း)
၁း၂၅ အသည်းကင်ဆာရောဂါ အကြောင်း သိကောင်းစရာ
၁း၅၀ ဗဟုသုတများစုဆောင်းရာ (Knowledge Bank)
၂း၀၅ လူငယ် IT ပညာရှင်များနှင့် Software Engineering
၂း၃၅ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏မီလီယံတန်သောကလေးများ)
၂း၅၅ ငှက်ပြတိုက် (လှော်ကားဥယျာဉ်)
၃း၀၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄း၁၅ မင်းကွန်းရိုးရာ လက်မှုအနုပညာ
၄း၂၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (ရွှေမိုပရိဘောဂ)
၄း၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၅း၀၀ အစီအစဉ်ပြီး။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ နိုင်ငံတော်သီချင်း
၇း၁၀ ၃။ တရားတော်
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ ဦးတည်ချက် (၁၂)ရပ်
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ နိုင်ငံတော်သီချင်း
၄း၁၀ ၃။ အဖွင့်သီချင်း
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
၄း၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၇။ အိုင်စီတီသုတ
၄း၅၅ ၈။ အားလုံးရဲ့တာဝန်
၅း၁၀ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၅း၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ငှက်တို့၏ဗိမာန် (အပိုင်း-၂) (ဇာတ်သိမ်း)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ "ရွှေ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ လျှပ်တစ်ပြက်
၂၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၇)**
၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

အထက(၁)တာမွေ မြတ်ဆရာပူဇော်မည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၃

အထက(၁)တာမွေ ပင်လုံခန်းမ၌ နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၉၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့်ပြီး ဆရာ၊ ဆရာမများအား ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီ တွင် ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာသိန်းစိုး ဖုန်း-၀၉-၅၀၂၂၄၁၂၊ ဦးသက်နိုင် ဖုန်း-၀၉-၅၁၆၀၀၆၃၊ မနီနီလေးမြင့် ဖုန်း-၀၉-၅၁၆၀၀၁၆၊ မခင်သီတာလှိုင် ဖုန်း-၀၉-၉၉၂၅၉၆၅၊ မမီမီဝင်းထွန်း ဖုန်း-၀၁-၄၃၀၁၄၃၊ မဥမ္မာသန်း ဖုန်း-၀၉-၅၀၂၆၆၆၅၊ မမြတ်မြတ်ခိုင် ဖုန်း-၀၁-၅၄၀၃၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပါကစ္စတန်တပ်ဖွဲ့ အာဖဂန်နစ္စတန်ကို ဗုံးကြဲ

ကဘူး ဖေဖော်ဝါရီ ၃

ပါကစ္စတန်နှင့် အာဖဂန်တပ်ဖွဲ့များသည် နှစ်နိုင်ငံနယ်စပ်၌ အပြန်အလှန်ပစ်ကြပြီး နောက်တစ်ရက်တွင် အာဖဂန်နစ္စတန်အရှေ့ပိုင်း လူများနေထိုင်ရာနယ်မြေနှင့် ရဲတပ်ဖွဲ့လုံခြုံရေးကင်းစခန်းများကို ပါကစ္စတန်တပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အာဖဂန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

နန်ဂါဟာပြည်နယ် ဂတ်ရှ်တဲခရိုင်အတွင်း ပါကစ္စတန်တိုက်လေယာဉ်များက ဗုံးကြဲခဲ့ကြောင်း အာဖဂန်နစ္စတန် အရှေ့ပိုင်းနယ်စပ်တပ်မှူး ဗိုလ်ချုပ်ကြီး အာမီနူလာအေမာစီးလ်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်ဟု ပရက်(စ်)တီဗွီက ဖော်ပြသည်။

ယင်းခရိုင်အတွင်း လူနေဒေသများနှင့် အစိုးရအဆောက်အအုံများကိုလည်း ပါကစ္စတန်တပ်ဖွဲ့က တိုက်ခိုက်ခဲ့ရာ ရဲကင်းစခန်းနှစ်ခု ပျက်စီးသွားခဲ့သည်ဟု ဆိုသည်။

အဆိုပါဝေဟင်နှင့် မြေပြင်မှ တိုက်ခိုက်မှုများတွင် သေဆုံးမှုမရှိကြောင်း ဗိုလ်ချုပ်ကြီးအေမာစီးလ်က ပြောသည်။

ဗုဒ္ဓဟူးနေ့က အာဖဂန်နှင့် ပါကစ္စတန်တပ်ဖွဲ့များသည် နယ်စပ်၌ အပြန်အလှန်ပစ်ခတ်ကြရာ ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်။

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဂူလန်စန်ဒေသ၌ ပစ်ခတ်မှုဖြစ်ပွားရခြင်း၏ အရင်းခံလက်သည်အဖြစ်နှစ်ဖက်လုံးက အပြန်အလှန်အပြစ်တင်လျက်ရှိသည်။ **အင်တာနက်။**

ပါကစ္စတန်တိုက်လေယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာကမ်းမြောင်နယ်စပ်ရှိ ဥမင်လိုဏ်ခေါင်းကို အစ္စရေးစစ်လေယာဉ်များ တိုက်ခိုက်

ဂါဇာစီးတီး ဖေဖော်ဝါရီ ၃

ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နိုင်ငံနယ်စပ်ဒေသ၌ တရားမဝင်မှောင်ခိုလမ်းကြောင်းအဖြစ် အသုံးပြုနေသော ဥမင်လိုဏ်ခေါင်းကို ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းက အစ္စရေးလေတပ်က ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့ကြောင်း၊ ဒဏ်ရာရရှိမှုသတင်းကို မရရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အစ္စရေးစစ်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း၌ ပျံဝဲနေခဲ့ပြီးနောက် အဆိုပါ ဥမင်လိုဏ်ခေါင်းကို ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ရာဖာမြို့နှင့် ဥမင်လိုဏ်ခေါင်း ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်းဒေသကို ဂါဇာကမ်းမြောင်ဒေသဘက်မှ လက်လုပ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း အစ္စရေးတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာ၌ ရေလွှမ်းမိုး လူပေါင်း ၄၃၀၀၀ ကျော် သောင်တင်နေ

ကိုလံဘို ဖေဖော်ဝါရီ ၃

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသဖြင့် ရေကြီးရာတွင် သုံးဦးသေဆုံးပြီး ၄၃၀၀၀ ကျော် သောင်တင်နေကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အမ်ပာရာ၊ထရင်းကိုမာလီနှင့် ဗာဗူ နီယာခရိုင်တို့တွင် ရေဘေးဒုက္ခသည် ၁၀၀၄၃ တို့မှာ ကယ်ဆယ်ရေးစခန်း ၅၁ခု၌ နေထိုင်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရေဘေးကြောင့် အိမ်ခြေ ၇၀၂ လုံးမှာ လုံးဝ ပျက်စီးခဲ့ရပြီး ၃၃၁၀ မှာ ပျက်စီးမှုရှိသော်လည်း ပြင်ဆင်၍ရနိုင်သေးသည်ဟု ဆိုသည်။

အရှေ့ပိုင်းဒေသတွင် မိုးရေချိန် ၁၀၀ မီလီမီတာကျော်ရွာသွန်းကာ မိုးရေချိန်စံချိန်တင်ခဲ့ကြောင်း မိုးလေဝသပညာရှင်တစ်ဦးက ပြောကြားသည်။ ကြာသပတေးနေ့တွင် အလယ်ပိုင်းပြည်နယ်ရှိ စာသင်ကျောင်းအားလုံး ပိတ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။ **ဆင်ဟွာ။**

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဘက်တီကာလိုအာမြို့၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြို့တော်အန်ကာရာ စက်မှုဇုန်ရှိ စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

အန်ကာရာ ဖေဖော်ဝါရီ ၃

တူရကီနိုင်ငံ မြို့တော်အန်ကာရာ စက်မှုဇုန်ရှိ စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးပြီး လူအများအပြားဒဏ်ရာရရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

လျှပ်စစ်ဂျင်နရေတာစက်များ ထုတ်လုပ်သော စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး စက်ရုံအဆောက်အအုံ၏ အထပ်လေးထပ်အနက် နှစ်ထပ်မှာ ပြိုကျခဲ့ကြောင်း အင်န်တီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပေါက်ကွဲမှုဖြစ်ပွားသော စက်ရုံ၏ အပြင်ဘက်မျက်နှာစာရှိ မှန်ချပ်များ ပြိုကွဲပျက်စီးခဲ့ပြီး အနီးရှိ အဆောက်အအုံများ၏ မှန်တံခါးများမှာလည်း ထိခိုက်ပျက်စီးခဲ့ရသည်။

အပျက်အစီးများအောက်၌ လူငါးဦးထက်မနည်း ပိတ်မိနေသည်ဟု ယူဆရကြောင်း မြို့တော်ဝန် ဖီသီယာဆာက ပြောကြားသည်။

လွတ်မြောက်

ယင်းစက်ရုံ၏ အလုပ်သမား ၈၀ အနက် ထက်ဝက်ခန့်မှာ ထိခိုက်ဒဏ်ရာမရဘဲ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

စက်ရုံရှိ အောက်စီဂျင်လှောင်ကန်များမှ စတင်ကာပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။ **အင်တာနက်။**

တူရကီနိုင်ငံ မြို့တော် အန်ကာရာ စက်မှုဇုန်ရှိ ပေါက်ကွဲမှုဖြစ်ပွားသော စက်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဟိုတယ်မီးလောင်

ရှင့်ယန်း ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် မြို့တော်ရှင့်ယန်းရှိ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်၌ ဖေဖော်ဝါရီ ၃ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဒိုင်နက်စတီဝမ်ဆင်အမည်ရှိ လူနေအိမ်ခန်းတွဲများရှိရာ အဆောက်အအုံ တာဝါ-ဘီမှ နံနက်စောစောပိုင်းတွင် မီးစတင်လောင်ခြင်း ဖြစ်ကြောင်း ဟိုတယ်၏ တာဝါ-အေသို့ လျင်မြန်စွာ မီးကူးစက် လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

ကယ်တင်

မီးလောင်ချိန်၌ ယင်းဟိုတယ်တွင် တရုတ်ရိုးရာနှစ်သစ်ကူးပွဲ ကျင်းပလျက်ရှိသည်။ ပွဲတော်တက်ရောက်သူ လူ ၅၀ ကျော်ကို ဘေးလွတ်ရာသို့ ကယ်တင်ရွှေ့ပြောင်းပေးနိုင်ခဲ့သဖြင့် သေကျေမှုမရှိဟု ဆိုသည်။

မီးတောက်အရှိန်ပြင်းထန်သဖြင့် မီးပွားများသည် အဆောက်အအုံ၏ အပြင်နံရံများသို့ပါ လွင့်စဉ်၍ လောင်ကျွမ်းသည်။ နံနက် ၄ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားသည်ဟု ရှင့်ယန်းစည်ပင်သာယာ ပြည်သူ့လုံခြုံရေးဗျူရိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နှစ်သစ်ကူးပွဲ ဆင်နွှဲနေကြသော ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှစ်သစ်ကူးပွဲတော် ကမ္ဘာတစ်ဝန်းနွှဲပျော်

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်သစ်၏ ပထမဆုံးနေ့ဖြစ်သော ဖေဖော်ဝါရီ ၃ ရက်က ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၌ တစ်ခဲနက်ကျင်းပကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်း၌ လူသန်းပေါင်းများစွာက တရုတ် ရိုးရာ နှစ်သစ်ကူးပွဲတွင် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ ခြင်္သေ့အကဖြင့် ကခုန်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ မိသားစုများ ပေါင်းစည်းခြင်းတို့ကို တွေ့ရသည်။

နှစ်သစ်ကူးပွဲတော်သည် တရုတ်ပြက္ခဒိန်တွင် အရေးအပါဆုံး ပွဲတော်တစ်ရပ်ဖြစ်ပြီး ရက်သတ္တနှစ်ပတ်ခန့် ပျော်ပွဲရွှင်ပွဲ များကို ကျင်းပလေ့ရှိသည်။

တရုတ်ရိုးရာပြက္ခဒိန်အရ ဇာတာခွင် ၁၂ ခုအနက် စတုတ္ထမြောက်ဇာတာခွင်ဖြစ်သော ယုန်နှစ်သို့ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ယုန်နှစ်သည် ပျော်ရွှင်မှုနှင့် ကံကောင်းမှုလက္ခဏာများကို ဆောင်ကြဉ်းပေးမည်ဟု တရုတ်လူမျိုးများက ယူဆကြသည်။

တရုတ်နိုင်ငံတစ်ဝန်း၌ ဆီးနှင်းများ သိပ်သည်းစွာ ကျရောက်ခဲ့ပြီး အအေးဒဏ်ပြင်းထန်နေချိန် ဖြစ်လင့်ကစား ရပ်ဝေးရောက် ဆွေမျိုးသားချင်းများသည် မိသားစုများနှင့် ပြန်လည်ပေါင်းဆုံရန် နေအိမ်များသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

နှစ်သစ်ကူးပွဲတော်ကာလအတွင်း နေအိမ်များသို့ပြန်လာသူ လူဦးရေသန်းပေါင်း ၇၀၀ ခန့်ရှိရာ ကမ္ဘာပေါ်တွင် ခရီးသွားလာမှု အများဆုံးကာလအဖြစ် သတ်မှတ်နိုင်သည်။ **အင်တာနက်။**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပြန်လည်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပခဲ့သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ပြန်လည်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

မောင်စူးစမ်း၏
"ဒုတိယပင်လုံ၏ အနှစ်သာရမဲ့မှု"
(ဆောင်းပါး) စာမျက်နှာ - ၈

ကျော်သူဟိန်း၏
"ညီညွတ်မှုရဲ့အကျိုး၊ စည်းလုံးမှုရဲ့ရလဒ်"
(ကာတွန်း) စာမျက်နှာ - ၈

သူဇာနွယ်(ဖျာပုံ)၏
"တပ်လှန့်သံ"
(ကဗျာ) စာမျက်နှာ - ၉

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယနေ့အစည်းအဝေး ပြန်လည်ကျင်းပ

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ပြန်လည်ကျင်းပစဉ်။ (သတင်းစဉ်)